**MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED**

# ANTI – CORRUPTION & BRIBERY POLICY

## ANTI – CORRUPTION & BRIBERY POLICY

It is MAEX's steadfast and firm policy to conduct all of our business in an honest and ethical manner. MAEX takes a strict approach to bribery and corruption and is committed to acting professionally, fairly and with integrity in all its business dealings and relationships wherever it operates, and to implementing and enforcing effective systems to counter bribery.

MAEX will uphold Myanmar Anti-corruption and bribery law, relevant rules, regulations and directives issued by Myanmar Union Government, Regional Governments of Myanmar, Union and Regional legislature of Myanmar. Bribery and corruption are punishable for individuals by up to many years' imprisonment and if the Company is found to have taken part in corruption, it could face substantial fine, be excluded from tendering for public contracts and face damage to its reputation. MAEX therefore takes its legal responsibilities very seriously.

In strict adherence to this anti-corruption and bribery policy, it is compulsory to be zero corruption and zero bribery in third-party engagements and activities such as dealing with any individual or organization, MAEX and its staff come into contact with, during the course of work and business for MAEX, and third party includes actual and potential clients, customers, suppliers, distributors, business contacts, agents, advisers, and government and public bodies, including their advisors, representatives, officials and politicians and political parties.

This policy applies to all individuals working at all levels and grades, including general managers,senior managers, officers, directors, employees (whether permanent, fixed-term or temporary), consultants, contractors, trainees, seconded staff, homeworkers, casual workers and agency staff, volunteers, interns, agents, sponsors, or any other person associated with MAEX, wherever their workplace is located.

Each and every member of MAEX's staff force must ensure that he or she reads, understands and complies with this policy. The prevention, detection and reporting of bribery and other forms of corruption are the responsibility of all those working for MAEX or under its control. All workers are required to avoid any activity that might lead to, or suggest, a breach of this policy.

A bribe is an inducement or reward offered, promised or provided in order to gain any commercial, contractual, regulatory or personal advantage. This policy does not prohibit normal and appropriate hospitality (given and received) to or from third parties. The giving or receipt of gifts is not prohibited, if the following requirements are met:

a. it is not made with the intention of influencing a third party to obtain or retain business or a business advantage, or to reward the provision or retention of business or a business advantage, or in explicit or implicit exchange for favours or benefits;

b. it complies with local law;

c. it is given in the MAEX's name, not in individual's name;

d. it does not include cash or a cash equivalent (such as gift certificates or vouchers);

e. it is appropriate in the circumstances - for example, in Myanmar, it is customary for gifts to be given at Myanmar Thadingyut Lighting Festival;

f. taking into account the reason for the gift, it is of an appropriate type and value and given at an appropriate time; and

g. it is given openly, not secretly.

Gifts should not be offered to, or accepted from, government officials or representatives, or politicians or political parties.

Once the standard Guidelines for offering and accepting Gifts and Entertainment has been properly set out, depending on the monetary value of the Gift/ Entertainment, a certain amount may be approved by the Management Committee. In addition, the BOD may intermittently issue additional Guidelines to be followed.

It is not acceptable for an individual (or someone on his or her behalf) to:

a. give, promise to give, or offer, a payment, gift or hospitality with the expectation or hope that a business advantage will be received, or to reward a business advantage already given;
b. give, promise to give, or offer, a payment, gift or hospitality to a government official, agent or representative to “facilitate” or expedite a routine procedure;
c. accept payment from a third party that you know or suspect is offered with the expectation that it will obtain a business advantage for them;
d. accept a gift or hospitality from a third party if you know or suspect that it is offered or provided with an expectation that a business advantage will be provided by us in return;
e. threaten or retaliate against another worker who has refused to commit a bribery offence or who has raised concerns under this policy; or
f. engage in any activity that might lead to a breach of this policy.

MAEX only makes charitable donations that are legal and ethical under Myanmar laws and practices. No donation must be offered or made without the prior approval of the Board of Directors.

The prevention, detection and reporting of bribery and other forms of corruption are the responsibility of all those working for MAEX or under the Company’s control. As such, every staff at MAEX must ensure that he or she reads, understands and complies with this policy and must notify the Compliance Officer as soon as possible if believed or suspected that a conflict with this policy has occurred, or may occur in the future.

Any employee who breaches this policy will face disciplinary action, which could even result in dismissal for gross misconduct.

This policy will be disseminated and published to all employees, contractors, suppliers and business partners together with all updates and clarifications. Training on this policy forms part of the induction process for all new employees and other workers. All existing employees and workers will receive regular, relevant training on how to implement and

adhere to this policy. The Company's strict approach to bribery and corruption must be communicated to all suppliers, contractors and business partners at the outset of its business relationship with them and as appropriate thereafter.

The board of directors has overall responsibility for ensuring this policy complies with legal and ethical obligations, and that all those under the Company's control comply with it. Comments, suggestions and queries should be addressed to the Compliance Office or to CEO.

## အဂတိလိုက်စားခြင်းနှင့် လာဘ်ပေးလာဘ်ယူဆိုင်ရာ မူဝါဒ

MAEX ၏ မူဝါဒသည် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရိုးသား၍ ကျင့်ဝတ် သိက္ခာရှိသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရန် ဖြစ်ပါသည်။ MAEX သည် လုပ်ငန်းဆောင်ရွက်သည့် မည်သည့်နေရာတွင် မဆို စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုပညာရှင်ပီသစွာ၊ မျှတစွာနှင့် ပေါင်းစည်းမှုရှိရှိ ဆောင်ရွက်ရန်နှင့် လာဘ်ပေးလာဘ်ယူခြင်းနှင့် အကျင့်ပျက်ခြစားသည့် ချဉ်းကပ်မှုများအား တင်းကျပ်စွာတားမြစ်ထားပြီး၊ လာဘ်ပေးလာဘ်ယူမှုအား တန်ပြန်နိုင်မည့် ထိရောက်သောစနစ်အား အကောင်အထည်ဖော်ရန်နှင့် အသက်ဝင်စေရန် စီမံထား ပါသည်။

MAEX သည် မြန်မာ့အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေပြုအဖွဲ့များမှ ထုတ်ပြန်သည့် ညွှန်ကြားချက်များအား ထိန်းသိမ်းလိုက်နာမည် ဖြစ်ပါသည်။ လာဘ်ပေး လာဘ်ယူခြင်းနှင့် အကျင့်ပျက်ခြစားသည့် လူပုဂ္ဂိုလ် အား နှစ်ရှည်ထောင်ဒဏ်များ ချမှတ်နိုင်ပြီး၊ အကယ်၍ အဂတိလိုက်စားမှုတွင် ကုမ္ပဏီ ပါဝင်ကြောင်း တွေ့ရှိရပါက ဒဏ်ကြေးပမာဏများစွာ ပေးဆောင်ရနိုင်ပါသည်။ ထို့ပြင် အများပြည်သူ တင်ဒါ ခေါ်ယူခြင်းမှ ဖယ်ရှားခံရပြီး ကုမ္ပဏီ၏ ဂုဏ်သတင်းအား များစွာထိခိုက် နစ်နာစေနိုင်ပါသည်။ ထို့ကြောင့် MAEX သည် ဥပဒေကြောင်းအရ တာဝန်ရှိမှုများအား အလေးအနက် ထားရှိပါသည်။

လာဘ်ပေးလာဘ်ယူခြင်းနှင့် အကျင့်ပျက်ခြစားမှုအား တန်ပြန်သည့် မူဝါဒအား တင်းကျပ်စွာ ရေးဆွဲချမှတ်ရာတွင် MAEX အတွက် စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်သည့် ကာလအတွင်း လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်း၊ MAEX နှင့် ၎င်း၏ ဝန်ထမ်းများ စသည့် တတိယလူပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လာဘ်ပေးလာဘ်ယူမှု လုံးဝကင်းစင်ရန်နှင့် အကျင့်ပျက်ခြစားမှု လုံးဝ မရှိစေရန် အထူးလိုအပ်ပါသည်။ တတိယလူပုဂ္ဂိုလ် အဖွဲ့အစည်းများ ဆိုရာတွင် အစစ်အမှန် ဖောက်သည်များ နှင့် အလားအလာရှိ ဖောက်သည်များ၊ ပစ္စည်းပေးသွင်းသူများ၊ ဖြန့်ဖြူးသူများ၊ စီးပွားရေး အဆက်အသွယ်များ၊ အေးဂျင့်များ၊ အတိုင်ပင်ခံများ၊ အစိုးရနှင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် ၎င်းတို့၏ အတိုင်ပင်ခံများ၊ တရားဝင်ကိုယ်စားလှယ်များ၊ အရာရှိများ၊ နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီများပါ ပါဝင်သည်။

ယခုမူဝါဒသည် အထွေထွေမန်နေဂျာ၊ အကြီးတန်းမန်နေဂျာ၊ အရာရှိများ၊ ဒါရိုက်တာများ၊ ဝန်ထမ်းများ (ယာယီဝန်ထမ်း၊ ကာလအပိုင်းအခြား သတ်မှတ်ခန့်အပ်သည့် ဝန်ထမ်းနှင့် အမြဲတမ်းဝန်ထမ်းများ အပါအဝင်) ၊ အတိုင်ပင်ခံများ၊ ကန်ထရိုက်တာများ၊ လေ့ကျင့်သင်ကြားပေးသူ (သင်တန်းဆရာများ) ၊ အလုပ်သင်များ၊ အိမ်မှ အလုပ်လုပ်သူများ၊ ပျံကျများနှင့် အေးဂျင်စီဝန်ထမ်းများ၊ အပျော်တမ်း အလုပ်လုပ်သူများ၊ အလုပ်သင်များ၊ (ကိုယ်စားလှယ်) အေးဂျင့်များ၊ ထောက်ပံ့သူ များနှင့် MAEX နှင့် စပ်နွယ်လျက်ရှိသည့် အခြားသူများ အပါအဝင်

လုပ်ငန်းခွင်တည်ရှိရာရှိ ရာထူးအဆင့်အားလုံးတွင် အလုပ်လုပ်ကိုင်နေသည့် လူပုဂ္ဂိုလ်အားလုံးမှ လိုက်နာကျင့်သုံးရမည်။

MAEX ၏ ဝန်ထမ်းအဖွဲ့ဝင် တစ်ဦးချင်း၊ တစ်ယောက်ချင်းမှ အစပြု၍ ဝန်ထမ်းအားလုံးသည် ယခု မူဝါဒအား ဖတ်ရှု၍ နားလည်သဘောပေါက်ပြီး လိုက်နာကျင့်သုံးရပါမည်။ MAEX အတွက် အလုပ်လုပ်ပေးနေသူများနှင့် ၎င်း၏ ထိန်းချုပ်မှုအောက်တွင်ရှိသူများအတွက် လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှုအား ကြိုတင်ကာကွယ်ခြင်း၊ ထောက်လှမ်းခြင်းနှင့် အစီရင်ခံခြင်းများ ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ဝန်ထမ်းအားလုံးသည် ယခုမူဝါဒအား ဖောက်ဖျက်စေနိုင်သည့် ဦးတည်မှုအကြံပြုမှုများ ဖြစ်စေနိုင်သည့် မည်သည့် အပြုအမူမျိုးကို မဆို ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

လာဘ်ပေးမှုဆိုသည်မှာ မည်သည့် စီးပွားရေးအရ သို့မဟုတ် စာချုပ်အရ၊ စည်းမျဉ်းအရ သို့မဟုတ် ပုဂ္ဂိုလ်ရေးအရ အကျိုးအမြတ်ရရှိရန် ကမ်းလှမ်းခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း၊ ကတိပြုခြင်းတို့ကို ဆိုသည်။ ယခုမူဝါဒသည် တတိယ လုပုဂ္ဂိုလ် အဖွဲ့အစည်းများထံမှ ပုံမှန်နှင့် သင့်လျော်သည့် ပျူငှာမှု (ပေးအပ်ခြင်းနှင့် ရယူခြင်း) တို့ကို ကန့်သတ်ထားခြင်း မရှိပါ။ အောက်ပါအချက်များနှင့် ကိုက်ညီမှုရှိပါက လက်ဆောင်ပေးအပ်ခြင်းနှင့် လက်ခံရယူခြင်းအား ကန့်သတ်ထားခြင်းမရှိပါ။

(က) တတိယ လုပုဂ္ဂိုလ် အဖွဲ့အစည်းများထံသို့ လွှမ်းမိုးရန် ရည်ရွယ်ခြင်းမရှိပဲ (သို့မဟုတ်) စီးပွားရေး (သို့မဟုတ်) စီးပွားရေးအရ အားသာမှုအား ထိန်းသိမ်းထားရှိရန် (သို့မဟုတ်) ချီးမြှင့်ရန် (သို့မဟုတ်) မျက်နှာသာပေးရန် (သို့မဟုတ်) အကျိုးအမြတ်ရယူရန် လွှဲပြောင်းပေးအပ်ခြင်း

(ခ) ဒေသဆိုင်ရာ ဥပဒေများနှင့် ညီညွတ်ပါက

(ဂ) တစ်ဦးတစ်ယောက် အမည်နှင့် မဟုတ်ဘဲ MAEX ၏ အမည်နှင့် ပေးအပ်ခြင်း

(ဃ) ငွေသား (သို့မဟုတ်)ငွေသားနှင့် တန်ဖိုးတူညီသည့် လက်ဆောင် (ဘောက်ချာ (သို့မဟုတ်) အသိအမှတ်ပြုလက်မှတ် အစရှိသည့်) အရာများ မပါရှိခြင်း

(င) အခြေအနေအချိန်အခါနှင့်လျော်ညီမှုရှိခြင်း (ဥပမာ၊မြန်မာနိုင်ငံတွင် သီတင်းကျွတ်ပွဲတော် ကာလအတွင်း မြန်မာ့ ဓလေ့ထုံးစံအရ ကန်တော့ ပစ္စည်း လက်ဆောင်ပေးခြင်း)

(စ) သင့်လျော်သည့် လက်ဆောင်အမျိုးအစား၊ တန်ဖိုးနှင့် လက်ဆောင်ပေးအပ်ခြင်းသည် သင့်လျော် သည့် အချိန်ဖြစ်သည့် အပြင် လက်ဆောင်ပစ္စည်းပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ တာဝန်ယူခြင်း၊

(ဆ) လျှို့ဝှက်ပေးအပ်ခြင်း မဟုတ်ဘဲ အများရှေ့တွင် ပွင့်လင်းမြင်သာစွာပေးအပ်ခြင်း

လက်ဆောင်ပစ္စည်းများအား အစိုးရအရာရှိများ(သို့မဟုတ်) ကိုယ်စားလှယ်များ၊ နိုင်ငံရေးသမားနှင့် နိုင်ငံရေးပါတီများသို့ လက်ဆောင်ပစ္စည်း ပေးအပ်ခြင်း(သို့မဟုတ်) လက်ခံရယူခြင်း မပြုလုပ်ရပါ။

လက်ဆောင်ပစ္စည်းပေးအပ်ခြင်း (သို့မဟုတ်) လက်ခံရယူခြင်း လုပ်ထုံးလုပ်နည်းထွက်ရှိပြီးသည့်အခါတွင် လက်ဆောင်တန်ဖိုးမည်မျှထိအား စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

ထို့အပြင် အခါအားလျော်စွာဘုတ်အဖွဲ့မှ ထပ်မံသတ်မှတ်သောလုပ်ထုံးလုပ်နည်းများအတိုင်းလည်း ဆောင်ရွက်ရမည်။

MAEX သည် နိုင်ငံ နှင့် ဒေသတစ်ခုနှင့် တစ်ခုအကြား စီးပွားရေးဆိုင်ရာ လက်ဆောင်ပစ္စည်း ပေးအပ်ခြင်းသည် အချို့နိုင်ငံနှင့် ဒေသတွင် ပုံမှန် နှင့် လက်ခံနိုင်မည် ဖြစ်သော်လည်း ဒေသတစ်ခုနှင့် တစ်ခု တူညီမှုမရှိနိုင်ကြောင်းကို အလေးအနက်ထားရှိပါသည်။ လက်ဆောင်သို့မဟုတ် ဧည့်ဝတ်ပျူငှာမှု အခြေအနေအားလုံးသည် မျှတ၍

သင့်တော်မှုရှိရှိ ကျင့်သုံးရပါမည်။ လက်ဆောင်ပေးအပ်ခြင်း၏ နောက်ကွယ်မှ ရည်ရွယ်ချက်အား အစဉ်အမြဲ ထည့်သွင်း စဉ်းစားရမည်ဖြစ်ပါသည်။

လူပုဂ္ဂိုလ်တစ်ဦးချင်း (သို့မဟုတ်) သူ (သို့မဟုတ်) သူမ ကိုယ်စား တစ်စုံတစ်ယောက် အတွက် အောက်ပါ ဆောင်ရွက်မှုများအား လက်ခံနိုင်မှုမရှိပါ

(က) စီးပွားရေး အကျိုးအမြတ် တစ်ခုကို မျှော်ကိုး၍ (သို့မဟုတ်) မျှော်လင့်၍ (သို့မဟုတ်) ရရှိပြီး ဖြစ်သည့် စီးပွားရေးအကျိုးအမြတ်အတွက် အပြန်အလှန်အနေဖြင့် အခကြေးငွေ တစ်စုံတစ်ရာ ပေးခြေမှု၊ လက်ဆောင်(သို့မဟုတ်) ဧည့်ဝတ်ပျူငှာမှု ပြုလုပ်ပေးအပ်ခြင်း၊ ပေးအပ်ရန် ကတိပြုခြင်း (သို့မဟုတ်) ကမ်းလှမ်းခြင်း၊

(ခ) ပုံမှန် လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည့် အစိုးရအရာရှိများ၊ အေးဂျင့်များ (သို့မဟုတ်) ကိုယ်စားလှယ်များသို့ အခကြေးငွေတစ်စုံတစ်ရာ ပေးခြေမှု၊ လက်ဆောင် (သို့မဟုတ်) ဧည့်ဝတ်ပျူငှာမှု ပြုလုပ်ပေးအပ်ခြင်း၊ ပေးအပ်ရန် ကတိပြုခြင်း၊ (သို့မဟုတ်) ကမ်းလှမ်းခြင်း၊

(ဂ) တတိယလူပုဂ္ဂိုလ်အဖွဲ့အစည်းများထံမှ ပေးအပ်ခြင်းသည် စီးပွားရေးအရ အကျိုးအမြတ် ရရှိရန် မျှော်လင့်၍ ပေးအပ်ခြင်းဖြစ်ကြောင်း သိလျက်နှင့် (သို့မဟုတ်) သံသယရှိလျက်နှင့် လက်ခံ ရယူခြင်း၊

(ဃ) တတိယ လူပုဂ္ဂိုလ် အဖွဲ့အစည်းများထံမှ အပြန်အလှန်အားဖြင့် စီးပွားရေးအရ အကျိုးအမြတ် ရရှိရန် မျှော်လင့်၍ ပေးအပ်ခြင်းဖြစ်ကြောင်း သိလျက်နှင့် (သို့မဟုတ်) သံသယရှိလျက်နှင့် လက်ဆောင် ပစ္စည်း(သို့မဟုတ်)ဧည့်ဝတ်ပျူငှာမှုအား လက်ခံရယူခြင်း

(င) လာဘ်ပေးလာဘ်ယူမှုပြုရန် ငြင်းဆန်သည့် (သို့မဟုတ်)ယခုမူဝါဒအရ တိုင်ကြားသည့် အခြားဝန်ထမ်း အား ခြိမ်းခြောက်ခြင်း

(စ) ယခုမူဝါဒအား ချိုးဖောက်စေနိုင်သည့် ပြုလုပ်မှုတစ်ရပ်ရပ်တွင် ပါဝင်ခြင်း

MAEX သည် မြန်မာ့ ဓလေ့ထုံးတမ်းနှင့် ဥပဒေပြဋ္ဌာန်းချက်များအရ ဥပဒေ ကျင့်ဝတ်သိက္ခာနှင့် ညီညွတ် သည့် လှူဒါန်းမှုများကိုသာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဘုတ်အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ မည်သည့် လှူဒါန်းမှုများကိုမျှ ပြုလုပ်ပေးအပ်ခြင်း မပြုရပါ။

MAEX အတွက်အလုပ်လုပ်ပေးနေသူများနှင့် ၎င်း၏ ထိန်းချုပ်မှုအောက်တွင်ရှိသူများအတွက် လာဘ်ပေး လာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှု၏ ပုံစံအမျိုးမျိုးအား ကြိုတင်ကာကွယ်ခြင်း၊ ထောက်လှမ်းခြင်းနှင့် အစီရင်ခံခြင်းများ ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရန် ဝန်ထမ်းတိုင်းသည် ယခုမူဝါဒအား ဖတ်ရှု၍ နားလည်သဘောပေါက်မှုရှိပြီး ထိုအတိုင်း လိုက်နာကျင့်သုံးရန် လိုအပ်ပြီး ယခုမူဝါဒနှင့် စပ်လျဉ်း၍ ပဋိပက္ခများ ပေါ်ပေါက်လျက်ရှိသည် သို့မဟုတ် အနာဂါတ်တွင် ပေါ်ပေါက်လာ နိုင်သည်ဟု ထင်မြင်ယူဆခြင်း (သို့မဟုတ်) သံသယဝင်ခြင်းများရှိပါက သက်ဆိုင်ရာ အရာရှိထံသို့ အသိပေးအကြောင်းကြားရမည်။

ယခုမူဝါဒအား ဖောက်ဖျက်သည့် မည်သည့်ဝန်ထမ်းမဆို စည်းကမ်းအရ အရေးယူခြင်းခံရမည်ဖြစ်ပြီး မမှန်မကန် ပြုလုပ်ကြောင်း ထင်ရှားပါက အလုပ်မှ ထုတ်ပစ်သည်အထိ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ယခုပေါ်လစီကို ရှင်းလင်းတင်ပြချက်များနှင့်တကွ ဝန်ထမ်း အားလုံး ၊ ကန်ထရိုက်တာအားလုံး ၊ ပစ္စည်းပေးသွင်း သူအားလုံး နှင့် စီးပွားရေးမိတ်ဖက်များကို ဖြန့်ဝေပေးရမည်။

ဝန်ထမ်းအသစ်များနှင့် အခြားအလုပ်သမားများအား မိတ်ဆက်သည့် လုပ်ငန်းစဉ်တွင် ယခုမူဝါဒအား လေ့ကျင့် သင်ကြားပေးခြင်းများ ပါဝင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ယခုမူဝါဒအား လက်တွေ့အကောင်အထည် ဖော်နိုင်ရေး အတွက် လက်ရှိဝန်ထမ်းများအား ပုံမှန် လေ့ကျင့်သင်ကြားပေးခြင်းများ အခါအားလျော်စွာ ပြုလုပ်မည်

ဖြစ်ပါသည်။ လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှုများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ ကြပ်မတ် ချဉ်းကပ်မှုများအား ကုမ္ပဏီနှင့် စီးပွားရေးအရ ဆက်နွယ်လျက်ရှိသည့် ပစ္စည်း ပေးသွင်းသူများ၊ ကန်ထရိုက်တာများ နှင့် စီးပွားဖက်များသို့ သင့်လျော်သည့် အတိုင်း ဆက်သွယ် အသိပေးမှုများ ဆောင်ရွက်ရမည်။

ဒါရိုက်တာ အဖွဲ့ဝင်များသည် MAEX ၏ ဥပဒေနှင့် ကျင့်ဝတ်ဆိုင်ရာ လိုက်နာရန်တာဝန်ရှိမှုများနှင့် စပ်လျဉ်းသည့် ယခုမူဝါဒအား လွှမ်းခြုံ တာဝန်ယူမှုရှိရန် နှင့် ထိုသို့ တာဝန်ယူမှုသည် ကုမ္ပဏီ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေစေရေးကို အာမခံရမည်။ သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့် မေးမြန်းစုံစမ်းမှုများအား သက်ဆိုင်ရာ အရာရှိ (သို့မဟုတ်) အမှုဆောင်အရာရှိချုပ်ထံ လိပ်မူ၍ ပေးပို့နိုင် ပါသည်။